

# အကြောင်းအကျိုး ချိန်ဆခြင်း အနှောင်အဖွဲ့ကို ဖြေခြင်း

## ကရင်နီပြည်နယ် ဆရာအတတ်သင် စွမ်းရည်မြှင့်တင်ရေးဆိုင်ရာ စနစ်များအတွင်း ဖြစ်ရပ်များနှိုင်းယှဉ်လေ့လာခြင်း









Teacher FOCUS Education Consulting
Seh Theh Foundation
KED Karenni Education Department
"Education For the Progress of People"

အနှောင့်အယှက်အတွက် ပုံဖော်ရေးဆွဲခြင်း သုတေသန အမှတ်စဉ် ၈၂

## သုတေသနအဖွဲ့ဝင်များ

Gray Rinehart
Min Layi Chan
Greg Tyrosvoutis

စာတမ်းပါ ဓါတ်ပုံများအားလုံးကို ခွင့်ပြုချက် ရယူပြီးမှသာ ရိုက်ကူးခြင်း၊ ပြင်ဆင်ခြင်း၊ အသုံးပြုခြင်း ဖြစ်ပါသည်။
© TeacherFOCUS Education Consulting 2025 https://www.teacherfocusconsulting.org/
© Seh Theh Foundation 2025 https://sehthehfoundation.org/
© The Karenni Education Department 2025

Creative Commons Attribution - Non Commercial ShareAlike 4.0 International Licence (CC BY-NC-SA 4.0) ဤစာတမ်းပါ အကြောင်းအရာကို အသုံးပြုမည်ဆိုပါက ရည်ညွှန်းရန်နှင့် မျှဝေရန်အတွက် အသုံးပြုသူများအနေဖြင့် CC BY-NC-SA 4.0 ပါ သတ်မှတ်စည်းကမ်းများကို လိုက်နာရန် တာဝန်ရှိပါသည်။ လိုင်စင်အပြည့်အစုံကို အောက်ပါလင့်တွင် ကြည့်ပါ။
https://creativecommons.org/licenses/by-nc-sa/4.0/

ရည်ညွှန်းကိုးကားရန်။ စာတမ်းအား ရည်ညွှန်းကိုးကားမည်ဆိုပါက အောက်ပါအတိုင်း ရည်ညွှန်းပေးပါရန်။
Rinehart, G., Layi Chan, M., and Tyrosvoutis, G. (2025). Systems Thinking and Complexity: Comparative Insights into Karenni Teacher Professional Development Systems. TeacherFOCUS Education Consulting. https://www.teacherfocusconsulting.org/research

# ကျေးဇူးတင်လွှာ

စာတမ်းရေးသားသူများအနေဖြင့် ဤသုတေသနအားဖြင့် ကိုယ့်လက်ကိုယ့်ခြေ ဆောင်ရွက်နိုင်သော၊ ရပ်ရွာအခြေပြုသော ပညာရေး အုပ်ချုပ်မှု အားကောင်းလာစေရန်နှင့် တချိန်တည်းမှာပင် နယ်စပ်မျဉ်း နှစ်ဖက်ကမ်းရှိ ပြည်သူများကို ဝန်ဆောင်မှုပေးနေသော ကရင်နီ ပညာရေး နှင့် ဆရာအတတ်သင် မြင့်တင်ရေး အစီအစဉ်များကို ထောက်ပံ့ကူညီပေးနိုင်ရန် မျှော်လင့်ပါသည်။ Seh Theh Foundation နှင့် Karenni Education Department နှစ်ခုလုံးသည် အနှောင့်အယှက်အတွက် ပုံဖော်ရေးဆွဲထားပြီးဖြစ်သော အစိတ်အပိုင်းများကို အစွမ်းကုန် အသုံးချလျက်ရှိသည့် အတွက် မတည်ငြိမ်မှုများ ဖြစ်ပွားနေသည့်ကြားမှပင် ဆက်လက် လုပ်ကိုင်နိုင်သည်ကို ဤလေ့လာချက်တွင် တွေ့ရှိရပါသည်။ ဤကဲ့သို့သော ပညာရေးကဏ္ဍဆိုင်ရာ ကြံ့ကြံ့ခံနိုင်စွမ်းရည်ကို လိုအပ်နေရခြင်းသည် ဖြစ်သင့်ဖြစ်ထိုက်သော အနေအထားတစ်ရပ် မဟုတ်သော်လည်း တချိန်တည်းမှာပင် ကရင်နီပြည်နယ်ရှိ ဆရာများ၏ တန်ဖိုးနှင့် ဖွဲ့သတ္တိကို အခြားသူများ ပိုမို၍ သိမြင်နားလည်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ပါသည်။

သုတေသန ကွင်းဆင်းလေ့လာရေးတွင် ပံ့ပိုးကူညီပေးသည့်အပြင် တွေ့ရှိချက်များကိုပါ အတူတကွ တင်ပြပေးခဲ့ကြပါသော Soe Reh နှင့် Khu Nyae Reh တို့ကိုပါ ကျေးဇူးတင်စကား ပြောကြားလိုပါသည်။

ဤအစီရင်ခံစာပါ အကြောင်းအရာများသည်  Gray Rinehart ၊ Min Layi Chan ၊ Greg Tyrosvoutis ၏ အာဘော်များသာဖြစ်ပြီး TeacherFOCUS Education Consulting၏ အမြင်များကို ထင်ဟပ်ခြင်းမရှိပါ။




Shan State
Karenni State
Ban Mai Nai Soi Camp
Ban Mae Surin Camp
Thailand
Bago
Karen State



# စာတမ်းအကျဉ်းချုပ်

## လေ့လာချက် မိတ်ဆက်

ယခုအခါ ကမ္ဘာတစ်ဝန်းတွင် နေရပ်စွန့်ခွာရသူ ဒုက္ခသည်ပေါင်း ၁၂၂ သန်းကျော်ရှိပြီး ၎င်း အရေအတွက်၏ ထက်ဝက်ကျော်မှာ အသက် ၁၈ နှစ်အောက် လူငယ်များဖြစ်ကြပါသည်။ ဤကဲ့သို့ ကမ္ဘာနှင့် အဝှမ်း နေရပ် စွန့်ခွာရမှုနှုန်း စံချိန်တင်မြင့်မားနေချိန်တွင် အရေးပေါ်အခြေအနေများဆိုင်ရာ ပညာရေးအတွက် ဆရာ အတတ်ပညာ ဖွံ့ဖြိုးတိုးတက်ရေး (TPD) ကဏ္ဍ ကို အချက်အချာကျသော မဏ္ဍိုင်တစ်ရပ် အနေဖြင့် အသိအမှတ်ပြုရမည်ဖြစ်ပါသည် (UNHCR, 2024)။ ပဋိပက္ခနှင့် အကျပ်အတည်းများ သက်ရောက်မှုရှိသည့် နေရာများတွင် ဆရာများသည် သင်ကြားရေးထက် မကသော တာဝန်များကို ထမ်းဆောင်နေရသော်လည်း အရည်အချင်း အသိအမှတ်ပြု လက်မှတ်များရရှိရေး၊ စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားမှု ရရှိရေးနှင့် လုပ်ငန်းကျွမ်းကျင်မှုဆိုင်ရာ အထောက်အပံ့များ ရရှိရေး စသည်တို့တွင် တိုရေရှားရေ ထောက်ပံ့ကူညီမှုမျိုး သာ ရရှိနေကြသည်ကို တွေ့မြင်ရပါသည် (Richardson et al., 2018)။

ဤလေ့လာမှုတွင် ကရင်နီ TPD လုပ်ငန်းများကို ပံ့ပိုးပေးနေသော အဖွဲ့အစည်းနှစ်ခုဖြစ်သည့် (၁) ထိုင်းနိုင်ငံ ရှိ ယာယီ ဒုက္ခသည် စခန်းနှစ်ခုတွင် ပညာရေးကို ကြီးကြပ်နေသော ကရင်နီပညာရေးဌာန (KnED) နှင့် (၂) မြန်မာနိုင်ငံ၊ ကရင်နီပြည်နယ်ရှိ ပဋိပက္ခဒဏ်သင့်ဒေသများရှိ ဆရာများအား ပံ့ပိုးပေးနေသော ဆယ်သဲ ဖောင် ဒေးရှင်း (STF) တို့ကို နှိုင်းယှဉ်လေ့လာထားပါသည်။ အဆိုပါ နှိုင်းယှဉ်လေ့လာမှုအားဖြင့် အကျပ်အတည်း အခြေအနေများရှိ TPD ဆိုင်ရာ ပညာရပ် စာတမ်းများအား အကျိုးပြုနိုင်ရန် အားထုတ်ထားပါသည်။ ဤ လေ့လာမှုသည် နာတာရှည် ပညာရေး အဆက်ပြတ်မှုနှင့် အရင်းအမြစ်ရှားပါးမှု အခြေအနေများအောက်တွင် TPD အဖွဲ့အစည်းများ မည်သို့လည်ပတ်လျက်ရှိသည်ကို ရှုပ်လုံးဖော်နိုင်ရန်နှင့် သရုပ်ခွဲတင်ပြရန် ကြိုးစား ထားပါသည်။ အဖွဲ့အစည်းနှစ်ရပ်လုံးသည် ပြင်းထန်သည့် ဖိအားများအောက်တွင် ရှိနေသော်လည်း၊ မ တည်ငြိမ်မှုများကို အလိုက်သင့် အလျားသင့် တုံ့ပြန်ရင်း ဆက်လက် လည်ပတ်လျက်ရှိနေကြပါသည်။

ထိုင်းနိုင်ငံတွင် ဒုက္ခသည် ၁၁,၀၀၀ ကျော်သည် KnED မှ ပညာရေးဝန်ဆောင်မှုများပေးနေသော ယာယီ ဒုက္ခသည် စခန်းများတွင် နေထိုင်ကြသည် (TBC, 2025)။ သက်ဆိုင်ရာ ရပ်ရွာ အသိုင်းအဝိုင်း၏ ဦးဆောင်မှုများ အားကောင်းသော်လည်း၊ ဒုက္ခသည် ကျောင်းဆရာများသည် ထိုင်းနိုင်ငံတော် အစိုးရ၏ ဥပဒေ အရ တရားဝင်မှု၊ အလုပ်လုပ်ကိုင်နိုင်ခွင့်တို့ဖြင့် အကျုံးမဝင်သည့်အတွက် ၎င်းတို့အတွက် အသိအမှတ်ပြုမှုနှင့် လုပ်ငန်းကျွမ်းကျင်မှု ဖွံ့ဖြိုးရေး လမ်းကြောင်းများမှာ မဆိုစလောက်သာ ရှိနေပါသည် (Tyrosvoutis et al., 2024)။ မြန်မာနိုင်ငံ အတွင်းရှိ ကရင်နီပြည်နယ်တွင် ဖြစ်ပွားလျက်ရှိနေသော ပဋိပက္ခများကြောင့် လူဦးရေ၏ ၈၅% အထိ နေရပ်စွန့်ခွာ တိမ်းရှောင်နေကြရပါသည်(Wei, 2024; Mizzima, 2024)။ STF သည် ပြန့်ကျဲပြီး အရင်းအမြစ်နည်းပါးသော ဒေသတဝှမ်းတွင် လုပ်ကိုင်နေကြရသည့် ဆရာထောင်ပေါင်းများစွာကို ပံ့ပိုးကူညီပေးလျက်ရှိပါသည်။ အစိုးရ ပညာရေးဝန်ကြီးဌာန၏ ထောက်ပံ့ကူညီမှုများ ပြိုလဲပြီးသည့်နောက် ဆက်တိုက်ဖြစ်ပွားလျက်ရှိသော ပဋိပက္ခများကြောင့် ကျောင်းပညာရေးပုံစံများမှာ ကွဲပြားလျက်ရှိနေပါသည်။ ဆရာအများစုမှာ ကျောင်းဆရာဘဝသို့ အသစ်ဝင်ရောက်လာသူများ ဖြစ်ကြပြီး အခြေခံအဆောက်အအုံ မစုံမပို့မျှသာရှိသော နေရာများတွင် လုပ်ကိုင်နေကြရပါသည်။

ဤလေ့လာမှုတွင် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံရှိ ကရင်နီ TPD စနစ်များ၏ ဒီဇိုင်းနှင့် လှုပ်ရှားမှုများကို အဓိက မေးခွန်းသုံးခုဖြင့် စူးစမ်းလေ့လာထားပါသည် -

၁။ ကရင်နီ TPD စနစ်များ မည်သို့လည်ပတ်နေကြသနည်း။

၂။ ရှုပ်ထွေးပြီး လိုက်ပါပြောင်းလဲနိုင်စွမ်းရှိသည့် စနစ်များ (complex adaptive systems - CASs) ၏ လက္ခဏာရပ်များကို ၎င်းတို့တွင် တွေ့မြင်ရပါသလော။

၃။ ၎င်းတို့ကို မည်သို့ ပိုမိုထိရောက်စွာ ပံ့ပိုးပေးနိုင်မည်နည်း။

အဖွဲ့အစည်းနှစ်ရပ်လုံးမှ သက်ဆိုင်သူ ပုဂ္ဂိုလ်များပါဝင်သည့် အဓိက အချက်အလက်စုဆောင်းရေး အင်တာဗျူး (key informant interivew) နှင့် အဖွဲ့လိုက် ဆွေးနွေးမှု ၂၃ ခု (ထိုင်းနိုင်ငံဘက်မှ ၂၇ ဦး၊ မြန်မာနိုင်ငံဘက်မှ ၂၅ ဦး) တို့ မှ ထွက်ပေါ်လာသော သက်သေအထောက်အထားများပေါ် မူတည်၍ တွေ့ရှိချက်များကို ထုတ်နုတ်ထားပါသည်။ သုတေသနကို ၂၀၂၄ ခုနှစ် ဩဂုတ်လမှ ဒီဇင်ဘာလအတွင်း ပြုလုပ်ခဲ့ပြီး၊ တွေ့ရှိချက်များကို ၂၀၂၅ ခုနှစ် မေလအတွင်း KnED နှင့် STF တို့နှင့်အတူ ပြုလုပ်ခဲ့သော အလုပ်ရုံဆွေးနွေးပွဲမှတဆင့် ထပ်မံ စစ်ဆေးအတည်ပြုခဲ့ပါသည်။

ဖော်ပြပါ TPD စနစ်နှစ်ခုကို ပိုမိုကောင်းမွန်စွာ နားလည်နိုင်စေရန် အလို့ငှာ ဤလေ့လာချက်တွင် စနစ်အမြင် အတွေး (systems thinking) နှင့် ရှုပ်ထွေးမှုသီအိုရီ (complexity theory) တို့ကို အသုံးပြုထားပါသည်။ ဤကဲ့သို့ သုတေသန မူဘောင်ခတ်ခြင်းအားဖြင့် ကရင်နီ TPD စနစ်များ မည်သို့ လည်ပတ်လျက်ရှိပြီး၊ ၎င်းတို့အား မည်ကဲ့သို့ ပိုမိုထိရောက်စွာ ထောက်ပံ့ကူညီပေးနိုင်မည်ကို သရုပ်ခွဲလေ့လာရာတွင် ရပ်လုံးပေါ်စေပါသည်။

စနစ်အမြင်အတွေးတွင် TPD အား ကိန်းသေ သို့မဟုတ် သွင်းအားစုဖြင့် မောင်းနှင်သော ဖြေရှင်းဆောင်ရွက်မှု အနေဖြင့် ရှုမြင်ခြင်းထက်စာလျှင် ကျောင်းဆရာများ၊ သင်တန်းဆရာများနှင့် ကျောင်းဦးဆောင်သူများ အစရှိသည့် အဓိက ဇာတ်ကောင်များကြား အပြန်အလှန်ချိတ်ဆက်မှု၊ ၎င်းတို့ အချင်းချင်း ဆက်ဆံရေးနှင့် အခြေအနေများမှ TPD ၏ လုပ်ငန်းလည်ပတ်ပုံအပေါ် မည်သို့ ပုံသွင်းသည်ကို အသားပေး လေ့လာပါသည်။ ဤရှုထောင့်မှဆိုရသော် TPD စနစ်များအား ကြိုတင်မှန်းဆနိုင်သည့် ရလဒ်များထက်စာလျှင် သက်ဝင်လှုပ်ရှားမှုရှိပြီး နှိုင်းရသဘောဆောင်သော၊ မြေပြင်ပကတိတရားများနှင့် သတင်းပို့ လမ်းကြောင်းများ (feedback pathways) ၏ ပုံသွင်းခြင်းကို ခံရသော အရာများအဖြစ် မှတ်ယူနိုင်ပါသည်။

ရှုပ်ထွေးမှုသိပ္ပံ (complexity science) အပေါ် အခြေခံ၍ တည်ဆောက်ထားသည့် အတွက် ရှုပ်ထွေးပြီး လိုက်ပါပြောင်းလဲနိုင်သော စနစ်များ (CAS) ဆိုင်ရာ သဘောတရားအား နှောင့်ယှက် ဟန့်တားမှုများကို တုံ့ပြန်ရင်း လိုက်လျောညီထွေစွာ ရုပ်လုံးပေါ်လာတတ်သည့် TPD စနစ်များကို သရုပ်ခွဲလေ့လာနိုင်မည့် မူဘောင်တစ်ခုအဖြစ် အသုံးပြုနိုင်ပါသည်။ ရှုပ်ထွေးပြီး လိုက်ပါပြောင်းလဲနိုင်စွမ်းရှိသည့် စနစ်များ (CAS) အား စုပေါင်းထည့်ဝင် ဆုံးဖြတ်ချက်ချမှတ်ခြင်း၊ ပေါ်ထွန်းလာသော အမူအကျင့်များ နှင့် ဆက်စပ်အခြေအနေပေါ်မူတည်သည့် ရလဒ်များတို့ဖြင့် ဝိသေသပြုနိုင်ပါသည်။ သို့ဖြစ်၍ ၎င်းတို့သည် အထက်မှအောက်သို့ စီမံကိန်းချဆောင်ရွက်ခြင်းထက်စာလျှင် လေ့လာသင်ယူခြင်း၊ စမ်းသပ်ကျင့်သုံးခြင်းနှင့် ပြင်လွယ်ပြောင်းလွယ်ခြင်းတို့ကို ဇဟိုပြုသော ချဉ်းကပ်ဆောင်ရွက်ပုံ နည်းလမ်းများအားဖြင့် ပို၍ အကျိုးရလဒ် ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။





## တွေ့ရှိချက်များ - ထိုင်းနိုင်ငံရှိ ကရင်နီ TPD (KnED)

KnED ၏ စီမံခန့်ခွဲမှုအောက်မှနေ၍ ထိုင်းနိုင်ငံတွင်း လုပ်ကိုင်လျက်ရှိသော TPD စနစ်သည် ပုံစံရေးဆွဲပြီးသား စာသင်နှစ်အကြို သင်တန်းနှင့် ဒေသန္တရ အခြေပြု စာသင်နှစ်အတွင်း အနီးကပ်လမ်းညွှန်လေ့ကျင့်သင်ကြားမှုတို့ကို ပေါင်းစပ်ထားပါသည်။ စာသင်နှစ်အကြို ဆရာအတတ်သင် သင်တန်းကို ဗဟိုမှ စီမံ၍ တစ်နှစ် နှစ်ကြိမ် ပြုလုပ်လေ့ရှိပြီး ဆရာအသစ်နှင့် အဟောင်းနှစ်မျိုးလုံးအတွက် ဦးတည်ဆောင်ရွက်ပါသည်။ စာသင်နှစ်အတွင်း အနီးကပ် လမ်းညွှန် လေ့ကျင့်သင်ကြားမှုကိုမူ ဗဟိုချုပ်ကိုင်မှုမရှိဘဲ ကျောင်းကို ဦးဆောင်သူများ၊ သင်တန်းဆရာများနှင့် ကျောင်းဆရာများကြား ဆောင်ရွက်နေဆဲ ပူးပေါင်းဆောင်ရွက်မှုအပေါ်မူတည်၍ ပုံဖော်ရေးဆွဲထားပါသည်။ လစဉ် စာသင်ခန်းလေ့လာစောင့်ကြည့်မှု မှတ်တမ်းများသည် စံသတ်မှတ်ထားသော ကိရိယာများ (standardized tools) နှင့် လက်ငင်း အကြံပြုချက်လမ်းကြောင်းများအရ ဆရာ/မများအား ချက်ချင်းလက်ငင်း တုံ့ပြန်လမ်းညွှန်သင်ကြားမှုများအတွက် အခြေခံကျသော အချက်များအဖြစ် အသုံးပြုနိုင်ပါသည်။  အချိန်ဇယားဖြင့် ပြုလုပ်ပေးလေ့ရှိသော်လည်း ကျောင်းဆရာများဘက်မှ ၎င်းတို့ လုပ်ငန်းကျွမ်းကျင်မှု အပေါ် မူတည်၍ တိတိကျကျ တင်ပြတောင်းခံလာသည့်အခါမျိုးတွင် တောင်းဆိုချက်အပေါ်လိုက်၍ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်ကို တစ်စထက် တစ်စ ပိုမို တွေ့မြင်လာရပါသည်။

ဤသို့ ဗဟိုမှလာသော စာသင်နှစ်အကြို သင်တန်းနှင့် ဗဟိုချုပ်ကိုင်မှု နည်းပါးသော စာသင်နှစ်အတွင်း အနီးကပ်လေ့ကျင့်သင်ကြားရေးဟူ၍ နှစ်မျိုးပါဝင်ရှိသည့် စနစ်ကြောင့် ၎င်းအလုပ်လုပ်ကိုင်ရာ ယာယီ စခန်းများအတွင်းရှိ မရေရာမှု ပေါင်းစုံကြားတွင် အဖွဲ့အား ဆက်လက် ရပ်တည်ခွင့်ရစေပါသည်။ ဤပုံစံကို အနှောင့်အယှက်အတွက် ပုံဖော်ရေးဆွဲထားခြင်း ဖြစ်သည်ဟု ခေါ်ဆိုနိုင်ပြီး (Rinehart and Tyrosvoutis, 2023) ၎င်းပုံစံအရ သတင်းပို့လမ်းကြောင်းများ တင်းတင်းကြပ်ကြပ်ရှိသည့် အတွက် အနှောင့်အယှက်များ ဖြစ်ပေါ်လာပါက လိုက်လျောညီထွေစွာ တုံ့ပြန်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ သင်တန်းဆရာများနှင့် ကျောင်းဆရာများကြား ပုံမှန် အပြန်အလှန်ဆက်ဆံမှု ရှိခြင်း၊ အနေနီးစပ်ခြင်းတို့ကြောင့် ၎င်းတို့အချင်းချင်းကြားတွင် ယုံကြည်မှု တည်ဆောက်နိုင်ခဲ့သည်။ ထို့အပြင် ကျောင်းဆရာများ၏ လိုအပ်ချက်များကို သိမှတ်လက်ခံပြီး အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးလိမ့်မည်ဟူသော အာမခံချက်မျိုးလည်း ရရှိစေသည်။

ရှုပ်ထွေးပြီး လိုက်ပါပြောင်းလဲနိုင်စွမ်းရှိသည့် စနစ်တစ်ရပ်၏ အဓိက စရိုက်လက္ခဏာများ ဖြစ်ကြသည့် ဒေသန္တရ ဇာတ်ကောင်များကြား အပြန်အလှန်ဆက်ဆံမှု အားကောင်းခြင်း၊ အတွေ့အကြုံ ရင့်သန်လာလျက်ရှိသော ကျောင်းဆရာများထံမှ မျှော်မှန်းချက်များ မြင့်မားလာခြင်းနှင့် အတော်အတန် နည်းပါးသော အရင်းအမြစ်များဖြင့်ပင် ကြီးမားသော အကျိုးသက်ရောက်မှု ဖြစ်ပေါ်နိုင်ခြင်းဟူသော လက္ခဏာရပ်များကို KnED စနစ်တွင် မြင်တွေ့နေရပြီ ဖြစ်သည်။ သင်တန်းဆရာများနှင့် စာသင်ကျောင်းများ နီးကပ်စွာ ရှိနေခြင်းကြောင့် ပြဿနာဖြေရှင်းရာတွင် ချက်ချင်းလက်ငင်း၊ တပိုင်းစီ တကန့်စီ ဖြေရှင်းသည့် ပုံစံများကို တွေ့ရလေ့ရှိပြီး စနစ်ကျသော ဆရာမူဝါဒ အတိအလင်းပြဋ္ဌာန်းထားခြင်း မရှိသည့်အတွက် စမ်းသပ်လုပ်ကိုင်ခွင့်များကို လမ်းဖွင့်ပေးထားလျက်ရှိသည်။ သို့သော်လည်း စနစ်၏ လိုက်လျောညီထွေ ဆောင်ရွက်နိုင်စွမ်းတွင် ကနဦး အကန့်အသတ်များ ရှိနေတတ်ပါသည်။ ၎င်းတို့မှာ သက်ဆိုင်ရာ သင်ကြားရမည့် အကြောင်းအရာနှင့် သင်တန်းဆရာ၏ စွမ်းရည်တို့ ဖြစ်ကြပြီး နှစ်ခုလုံး အတွက် အလှူရှင် အဖွဲ့အစည်းများအပေါ် အားကိုးနေရပါသည်။ လုပ်ငန်းအရည်အချင်းပိုင်းအရ ကျောင်းဆရာများတွင် တိုးတက်မှု ရှိလာသည်နှင့်အမျှ လေ့ကျင့်သင်ကြားမှုပိုင်းနှင့် ပတ်သက်၍လည်း မသိမသာ ပို၍ မျှော်လင့်လာကြမည်ဖြစ်သည့်အတွက် အဆင့်မြင့်သင်တန်းများ အပြင် မတူခြားနားသော အထောက်အပံ့များကိုလည်း လိုအပ်လာမည်ဖြစ်သည်။ အဆိုပါ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန် အလို့ငှာ သင်တန်းဆရာလောင်းများကို အရည်အချင်း ပိုမိုအားကောင်းလာအောင် ပြုလုပ်ပေးရန်နှင့် သက်ဆိုင်ရာ သင်တန်းပို့ချရေး ပစ္စည်းပစ္စယများ ပိုမိုရရှိစေရေးတို့ကို မဖြစ်မနေ ပြုလုပ်ပေးရမည်ဖြစ်သည်။ ဤအနေအထားတွင် အနီးကပ်လေ့ကျင့်သင်ကြားရေးအတွက် ရင်းနှီးမြှုပ်နှံရန် သတ်မှတ်လျာထားချက်များအနက် ဗဟိုချုပ်ကိုင်မှုနည်းပါးသည့် ကျောင်းတွင်း ကျောင်းဆရာများအချင်းချင်း လေ့လာသင်ကြားရေးကို အထောက်အကူပြုမည့် ကိစ္စရပ်များသည် အကျိုးကျေးဇူး ကြီးကြီးမားမား ဖြစ်ထွန်းလာနိုင်စရာ ရှိပါသည်။

## တွေ့ရှိချက်များ - မြန်မာနိုင်ငံရှိ ကရင်နီ TPD (STF)

မြန်မာနိုင်ငံအတွင်းရှိ STF ဦးဆောင်သော TPD စနစ်သည် လက်ရှိ ပဋိပက္ခနှင့် အကျပ်အတည်းများ၏ အကန့်အသတ် အတားအဆီးများကြားမှပင် ဖြစ်ထွန်းပေါ်ပေါက်လာခြင်း ဖြစ်ပါသည်။ STF သည် ကရင်နီပြည် ကြားကာလ အုပ်ချုပ်ရေးကောင်စီ (Karenni State Interim Executive Council) လက်အောက် နယ်မြေများအတွင်းရှိ TPD ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများအနက် အဖွဲ့တစ်ခု အဖြစ် လုပ်ကိုင်ဆောင်ရွက်လျက် ရှိသော်လည်း ၎င်းလက်လှမ်းမီသည့်ဒေသများမှာ အကန့်အသတ်ရှိပါသည်။ အခါအခွင့်သင့်သလို ပြုလုပ်လေ့ရှိသည့် လုပ်ငန်းခွင်ကြိုကျောင်းဆရာများအတွက် ငါးရက်တာ သင်တန်းဖြင့် တစ်နှစ်လျှင် ကျောင်းဆရာ ၂၀၀ ခန့်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိပါသည်။ မြေပြင်အဖွဲ့များမှ ကောက်ယူစုဆောင်းပေးသည့် ဒေတာအချက်အလက်များပေါ် အခြေပြု၍ သင်တန်းကို ဗဟိုမှ စီစဉ်ပေးသည်။ မြေပြင်လုံခြုံရေး အခြေအနေပေါ်လိုက်၍ အဆင်ပြေသလို ပြုလုပ်လေ့ရှိသည့် အတွက် အများအားဖြင့် ဝေးလံခေါင်သီသည့် ဒေသများသို့ ခရီးသွားရန်၊ သက်ဆိုင်ရာ ဒေသန္တရ အာဏာပိုင်များနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်တတ်ရန် လိုအပ်ပါသည်။ သင်တန်းတွင် ပါဝင်လေ့လာခဲ့ရသည့် ကျောင်းဆရာများအနေဖြင့် ကျောင်းသို့ ပြန်ရောက်ကြသည်နှင့် မိမိတို့ လေလာသင်ယူခဲ့သည်များကို ပြန်လည် မျှဝေပေးလေ့ရှိပါသည်။ STF ဗဟိုရုံးမှာ အထောက်အထား အခြေပြု စီမံကိန်း ရေးဆွဲရန် စိတ်အားထက်သန်သော်လည်း ဆက်သွယ်ရေး အခက်အခဲများ ရှိခြင်း၊ ဗဟိုရုံး၊ မြေပြင်နှင့် ကျောင်းဆရာများကြား နေရာဒေသ ကွာလှမ်းခြင်းတို့ကြောင့် အချိန်နှင့် တပြေးညီ အရေးယူဆောင်ရွက်နိုင်မည့် ဒေတာများ ရရှိရေးမှာ အကန့်အသတ်များ ရှိနေပါသည်။ သို့ဖြစ်ပါ၍ နှောင့်နှေးကြန့်ကြာမှုများ ဖြစ်ခြင်း၊ သင်တန်းဦးတည်ချက် တသမတ်တည်းမဖြစ်ခြင်းနှင့် မြေပြင်ရှိ သင်တန်းဆရာများ၏ သင့်သလို စီမံဆောင်ရွက်မှုတို့အပေါ် ဆက်လက်မှီခိုနေရခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။

ဤသို့ အကန့်အသတ်များကြားမှပင် အဆိုပါ စနစ်သည် ရှုပ်ထွေးပြီး လိုက်ပါပြောင်းလဲနိုင်စွမ်းရှိသည့် စနစ် (CAS) တစ်ရပ်၏ စရိုက်လက္ခဏာများစွာကို ဖော်ပြလျက်ရှိပါသည်။ ကျောင်းဆရာများဘက်မှ တင်ပြလာသည့် လိုအပ်ချက်များအပေါ် အခြေခံ၍ သင်တန်းအကြောင်းအရာပိုင်းကို သင်တန်းဆရာများ သင့်တော်သလို ချိန်ဆပြောင်းလဲပေးနိုင်သည်။ ဒေတာ အချက်အလက်များမှာလည်း မြေပြင်အဖွဲ့များထံမှ အထက်သို့ စီးဆင်းမှုရှိသည်။ ထို့အပြင် လက်ရှိသင်တန်းများကို အခြေခံ၍ နောင်လာမည့် သင်တန်း အကြောင်းအရာပိုင်းကို သင့်တော်သလို ပြုပြင်ရေးဆွဲလေ့ရှိကြပါသည်။ သို့သော်လည်း သင်တန်းအကြိမ်ရေနှင့် သင်တန်းဆရာဦးရေမှာ တိုးပွားလာသည့် သင်တန်းလိုအပ်ချက်ကို အမှီမလိုက်နိုင်ဘဲ ဆုံးဖြတ်ချက် ချမှတ်ပိုင်ခွင့် အများစုမှာလည်း ဗဟိုအဆင့်မှာသာ ရှိနေပါသည်။ ယခုထက်ပို၍ ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းပြီး သဟဇာတဖြစ်သော TPD နည်းလမ်းကို အသုံးပြုလိုသော STF ၏ အာသီသနှင့် ၎င်းလည်ပတ်နေရသည့် မြေပြင်အရှိတရားများကြားမှာ လွန်ဆွဲလျက်ရှိနေသည်ကို မြင်တွေ့ရပါသည်။ STF ဆန္ဒအတိုင်း အကောင်အထည်ဖော်မည် ဆိုပါက ဗဟိုချုပ်ကိုင်မှု နည်းပါးပြီး ကြံုသမျှပြဿနာကို တထိုင်တည်းဖြေရှင်းနိုင်ရန်နှင့် လက်တွေ့ကျကျ လိုက်လျောညီထွေ ဆောင်ရွက်တတ်ရန် လိုအပ်ပါလိမ့်မည်။

ဤအခြေအနေတွင် STF ၏ TPD စနစ်သည် ပုံလောင်းဆဲအဆင့်တွင်သာ ရှိနေပါသေးပြီး အနှောင့်အယှက်များကြား ပုံဖော်ရေးဆွဲနေဆဲသာ ဖြစ်ပါသည်။ စနစ်၏ အနာဂတ် လမ်းကြောင်းသည် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းသစ်များအား စမ်းသပ်ဆောင်ရွက်နိုင်စွမ်းပေါ် မူတည်လျက်ရှိသည်။ သို့မှသာ ကျောင်းဆရာများ၏ လိုအပ်ချက်များနှင့် အမြဲတစေ ပြောင်းလဲနေသည့် ကရင်နီပြည်နယ်၏ အခြေအနေများအပေါ် ပိုမိုကောင်းမွန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်မည့် TPD ဝန်ဆောင်မှု ပုံစံများအဖြစ် အသွင်ပြောင်းလဲလာနိုင်မည် ဖြစ်ပါသည်။ ကျောင်းဆရာများ၏ စိတ်အားထက်သန်မှု၊ ရပ်ရွာပူးပေါင်းပါဝင်မှုနှင့် ကျောင်းအပ်နှံမှုနှုန်း မြင့်မားလာခြင်း အစရှိသည့် သက်ရောက်မှု အညွှန်းရလဒ်များကို ကြည့်မည်ဆိုပါက အကယ်၍ စနစ်ကို ရှိရင်းစွဲအရှိန်အဟုန်ပေါ် မူတည်၍ တည်ဆောက်နိုင်မည်၊ ခြေနိုင်လက်နိုင်ရှိပြီး အနေအထားအလိုက် ဆောင်ရွက်နိုင်သည့် မဟာဗျူဟာများအပေါ် ရင်းနှီးမြှုပ်နှံမည်ဆိုပါက သိသာထင်ရှားသည့် အပြောင်းအလဲများ ဖြစ်ပေါ်လာနိုင်သည် အနေအထားတွင် ရှိပါသည်။



### ဆရာအတတ်သင် မြှင့်တင်ရေး လုပ်ငန်းအား ရှုပ်ထွေးပြီး လိုက်ပါပြောင်းလဲနိုင်စွမ်းရှိသည့် စနစ် တစ်ရပ် အဖြစ် ရှုမြင်ခြင်း

| စရိုက်လက္ခဏာ | ဖော်ပြချက် (ကရင်နီ အခြေအနေများနှင့် သက်ဆိုင်) | ရည်ညွှန်းချက် |
|---|---|---|
| **အပြန်အလှန် ချိတ်ဆက်ပြီး အပြန်အလှန် မှီခိုသည့် အစိတ်အပိုင်းများ**  | TPD စနစ်များတွင် အပြန်အလှန် ချိတ်ဆက်ချက်ရှိသည့် ဇာတ်ကောင်များ (ဥပမာ - ကျောင်းဆရာများ၊ သင်တန်းဆရာများ၊ အလှူရှင်များ)၊ လုပ်ငန်းစဉ်များ (ဥပမာ - မှတ်ချက် ပြုခြင်း၊ စီမံကိန်းရေးဆွဲခြင်း) နှင့် လက်ဆုပ်လက်ကိုင်မဖော်ပြနိုင်သော အချက်အလက်များ (ဥပမာ - ယုံကြည်မှုများ၊ နှုန်းစံများ၊ ဆက်ဆံရေးများ) ပါဝင်နေပါသည်။ အဆိုပါ အစိတ်အပိုင်းများသည် တစ်ခုနှင့် တစ်ခု အချင်းချင်း စဉ်ဆက်မပြတ် သက်ရောက်လွှမ်းမိုးမှု ရှိပါသည်။ | အဆင့်အားလုံးတွင်ရှိသော ဇာတ်ကောင်များ အနေဖြင့် စနစ်၏ အစိတ်အပိုင်း တစ်ခုတွင် အပြောင်းအလဲများ ဖြစ်ပေါ်ပါက ကျန် အစိတ်အပိုင်းများကိုပါ ရိုက်ခတ်မှု ရှိနိုင်သည်ကို သိရှိနားလည်ထားရန် လိုအပ်ပါသည်။ ပေါင်းစပ်ညှိနှိုင်းခြင်း၊ ဆင်ခြင်စဉ်းစားခြင်းနှင့် စနစ်တစ်ခုလုံးစာ သိနားလည်မှုတို့ကို စနစ် အဆင့် အသီးသီးတွင် မြှင့်တင်ပေးသင့်ပါသည်။ |
| **စနစ်၏ တင်းကြပ်မှု နှင့် လွတ်လပ်မှု**  | နေရာဒေသ နီးကပ်မှုရှိခြင်း၊ စာသင်နှစ် အတွင်း ပုံမှန် အချိတ်အဆက်ရှိခြင်းတို့ကြောင့် ထိုင်းနိုင်ငံရှိ TPD စနစ်သည် ပို၍ နီးကပ်စွာ ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါသည်။ မြန်မာနိုင်ငံရှိ စနစ်မှာမူ လည်ပတ်မှု ပုံစံမှာ ပိုမို လျော့ရဲလျက်ရှိပြီး ပဋိပက္ခဖြစ်ပွားခြင်း၊ နေရာဒေသ ခရီးကွာလှမ်းခြင်းတို့ကြောင့် ပုံမှန် ထိတွေ့ဆက်ဆံမှု နည်းပါးသည်ကို တွေ့ရသည်။ | မဟာဗျူဟာများသည် စနစ်၏ တင်းကြပ်မှု အနေအထားနှင့် လိုက်လျောညီထွေ ရှိသင့်သည်။ ထိုင်းနိုင်ငံတွင် ပို၍ အားကောင်းသော ပေါင်းစပ် ဆောင်ရွက်မှုနှင့် လျင်မြန်သော သတင်းပို့ လမ်းကြောင်းများကို ပိုမိုထိရောက်စွာ အသုံးချနိုင်သည်။ မြန်မာနိုင်ငံတွင်မူ ပြင်လွယ်ပြောင်းလွယ် ဖွဲ့စည်းမှုများနှင့် ကိုယ်ပိုင် လွတ်လပ်စွာ ဆုံးဖြတ်ခွင့်တို့ကို ကြားခံလုပ်ငန်းဆောင်ရွက်သူ နှင့် ဒေသန္တရ အဆင့်တို့တွင် ဦးစားပေးဆောင်ရွက်သင့်သည်။ |
| **ဖြစ်ပေါ်လာတတ်သော အရာ**  | ဗဟိုအဆင့်မှ ဒေတာအခြေပြု စီမံကိန်း ရေးဆွဲမှုပြုလုပ်နိုင်ရန် ဦးတည်ဆောင်ရွက်နေသည့် အချိန်တွင် ဒေတာ ကောက်ယူစုဆောင်းမှု နှင့် ပေးပို့မှုများ နှောင့်နှေးခြင်းကြောင့် (ကြိုတင်ပြင်ဆင်မှုရှိသော ဆုံးဖြတ်ချက်ချသည့်ပုံစံ အစား) အရေးပေါ်မှ ဆုံးဖြတ်ချက်ချသည့် ပုံစံမျိုး ဖြစ်သွားနိုင်သည်။ လုပ်ငန်း အကောင်အထည်ဖော်သည့် ကာလ အတွင်းတွင် လက်တွေ့ကျသော သတင်းအချက်အလက်များကို ကြားအဆင့်နှင့် ဒေသန္တရ အဆင့်များတွင် ကောက်ယူလေ့ရှိကြသည်။ | ဗဟိုအဆင့် ဇာတ်ကောင်များ အနေဖြင့် ပေါ်ထွက်လာနိုင်သည့် ကြိုတင် မခန့်မှန်းနိုင်သော အခြေအနေများအတွက်ပါ ထည့်သွင်းစဉ်းစားထားရန် လိုအပ်ပြီး၊ ကြားအဆင့်နှင့် ဒေသန္တရ အဆင့် ဇာတ်ကောင်များကိုမူ အထောက်အထား အခြေပြုဆုံးဖြတ်ချက် ပြုလုပ်ခြင်းကို အချိန်နှင့် တပြေးညီ ဆောင်ရွက်နိုင်စေရန် ခွင့်ပြုပေးသင့်သည်။ |

| စရိုက်လက္ခဏာ | ဖော်ပြချက် (ကရင်နီ အခြေအနေများနှင့် သက်ဆိုင်) | ရည်ညွှန်းချက် |
|---|---|---|
| **တသမတ်တည်း မဖြစ်ခြင်းနှင့် မပြေပြင် အနေအထားပေါ် သတိဖြင့် ဆောင်ရွက်ခြင်း**  | သေးငယ်ပြီး အံဝင်ခွင်ကျရှိသော ဖြေရှင်းဆောင်ရွက်မှုများသည် အဆိုပါ အရင်းမြစ် ရှားပါးပြီး အပြောင်းအလဲမြန်သော အခြေအနေမျိုးတွင် ကြီးမားသော သက်ရောက်မှု ဖြစ်စေနိုင်ပါသည်။ ရလဒ်များမှာ ကြိုတင်ခန့်မှန်းရ ခက်ခဲနိုင်သော်လည်း ရှောင်ဖယ်ခြင်း သို့မဟုတ် ကျရှုံးမှုအဖြစ်သာ မှတ်ယူခြင်းတို့ ပြုလုပ်မည့်အစား လက်ခံခြင်း၊ လေ့လာသင်ယူခြင်းတို့ကို ပြုလုပ်သင့်ပါသည်။ | စရိတ်စက သက်သာပြီး ရလဒ်မြင့်မားမည့် ဖြေရှင်းဆောင်ရွက်မှုများကို ဦးစားပေးပါ။ အပြောင်းအလဲများကို အနီးကပ် စောင့်ကြည့်ပြီး လေ့လာသင်ယူလိုစိတ် ရှိရပါမည်။ ဒေသန္တရအလိုက် အောင်မြင်မှုရှိသည့်ကိစ္စရပ်များကို အတုခိုးပြီး အရှိန်မြှင့်တင်ဆောင်ရွက်ရန် အသင့်ရှိနေရမည်။ |
| **မိမိဘာသာ စီစဉ်လုပ်ဆောင်ခြင်း**  | ကျောင်းဆရာများ အချင်းချင်း ဖေးမကူညီခြင်း၊ မြေပြင်အဖွဲ့များအနေဖြင့် သင်တန်းများကို လိုက်လျောညီထွေ ပြုပြင်ရေးဆွဲခြင်း အစရှိသည့် အလိုလျောက် စီစဉ်လုပ်ဆောင်သည့် လက္ခဏာရပ်များကို TPD စနစ်နှစ်ခုလုံးတွင် တွေ့ရှိရပါသည်။ ဤသည်မှာ ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းနှင့် ဒေသ အခြေအနေနှင့် လျော်ညီစွာ ဆောင်ရွက်တတ်ခြင်းတို့ဘက်သို့ ယိမ်းသည့် သဘောသဘာဝကို ညွှန်ပြနေပါသည်။ | ဒေသန္တရမှ ဆောင်ရွက်သည့် TPD လုပ်ငန်းများအား အားပေးပြီး လုပ်ထုံးနည်းနာ တကျ ဖြစ်အောင် ဆောင်ရွက်ပါ။ ဗဟို အဆင့်၏ ချုပ်ကိုင်မှုဖြင့် မဟုတ်ဘဲ လမ်းညွှန်ချက်ဖြင့်သာ စာသင်ကျောင်းများကိုယ်တိုင် မိမိလိုအပ်ချက်များ အတွက် မိမိဘာသာ ဦးဆောင်ပြီး လိုက်လျောညီထွေ ဆောင်ရွက်နိုင်စေမည့် လုပ်ထုံးနည်းနာများတွင် ရင်းနှီးမြှုပ်နှံပါ။ |
| **နှစ်ဦး နှစ်ဘက် သုံးသပ် ပြောင်းလဲခြင်း**  | ကျောင်းဆရာများ လုပ်ငန်းကျွမ်းကျင်မှု တိုးတက်လာသည်နှင့် အမျှ ၎င်းတို့၏ လိုလားချက်နှင့် သင်ယူ လေ့လာရေး လိုအပ်ချက်များမှာ ပို၍ ရှုပ်ထွေးလာမည် ဖြစ်သည်။ TPD စနစ်များနှင့် ကျောင်းဆရာများကို အကူအညီပေးနေကြသူများအနေဖြင့် ပြောင်းလဲဖွံ့ဖြိုးလာသည့် လိုအပ်ချက်အပေါ် လိုက်ပါ ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သည်။ | TPD ဒီဇိုင်းပုံစံအား စဉ်ဆက်မပြတ် အဆင့်မြှင့်တင်နေသင့်ပါသည်။ ပြောင်းလဲဖွံ့ဖြိုးလာသည့် ဆရာများ၏ စွမ်းရည်ကို အမီလိုက်နိုင်စေရန် အတွက် သင်တန်းအကြောင်းအရာပိုင်းနှင့် ပို့ချသည့် နည်းလမ်းများကို အဆင့်မြှင့်တင်ခြင်း၊ ရှိရင်းစွဲ သင်တန်း ဆရာများနှင့် အခြား TPD ဝန်ထမ်းများ၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးရေးတွင် ရင်းနှီးမြှုပ်နှံခြင်းတို့ကို ပုံမှန်ပြုလုပ်သင့်ပါသည်။ |



## ကရင်နီ TPD ကို ပံ့ပိုးကူညီခြင်း - ကျွမ်းကျင်သူများ ပူးပေါင်းဆောင်ရွက်မှု (Collaborative Professionalism)

ကျွမ်းကျင်သူများ ပူးပေါင်းဆောင်ရွက်မှုဆိုသည်မှာ ဆရာများ၊ ကျောင်းဆရာများ၊ သင်တန်းဆရာများ အပြင် ကြားခံလုပ်ငန်းဆောင်သူနှင့် ဒေသန္တရအဆင့် ပုဂ္ဂိုလ်များ ပူးပေါင်း၍ တူညီသောပညာရပ်များကို အတူတကွ သင်ယူလေ့လာသည့် အစုအဖွဲ့ (Community of Practice - CoP) နှင့် ကျောင်းသားများ၏ သင်ယူမှုကို စုပေါင်းမြှင့်တင်ဆောင်ရွက်နေသည့် အစုအဖွဲ့များ (Professional Learning Communites - PLCs)တွင် လုပ်ကိုင်ဆောင်ရွက်ခြင်းကို ဆိုလိုပါသည်။ ကျွမ်းကျင်သူများ ပူးပေါင်းဆောင်ရွက်မှု၏ ဦးတည်ချက်မှာ ပညာရေးသမားများနှင့် ၎င်းတို့ကို အကူအညီပေးနေသည့် ကျွမ်းကျင်သူများကြား ပွင့် ပွင့်လင်းလင်း အပြန်အလှန် ဆွေးနွေးခြင်း၊ နှစ်ဦးနှစ်ဘက် ယုံကြည်ခြင်းနှင့် မျှဝေ တာဝန်ခံခြင်းဟူသော လုပ်ငန်းစဥ်များအားဖြင့် သင်ကြားရေးကို ပိုမိုတိုးတက်ကောင်းမွန်အောင် ပြုလုပ်ရန် ဖြစ်သည်။ အဆိုပါ ကွန် ယက်များ၏ ဆက်ဆံရေး လည်ပတ်ပုံမှာ ဘေးတိုက်ရော (ကျောင်းဆရာအချင်းချင်း)၊ အထက်အောက် (ကျောင်းဆရာမှ ကျောင်းဦးဆောင်သူ/သင်တန်းဆရာ) ပါဖြစ်ပြီး စာသင်ကျောင်းတစ်ကျောင်းချင်းစီ အတွင်း၌ဖြစ်စေ၊ စုဖွဲ့ထားသည့် ကျောင်းများကြားတွင်ဖြစ်စေ လည်ပတ်ဆောင်ရွက်နိုင်ပါသည်။

အဆိုပါ ကွန်ယက်များအတွင်း ထိတွေ့ဆက်ဆံရေးနှင့် ခေါင်းဆောင်မှု ဆက်လက်တည်ရှိစေဖို့ရာ အတွက် စာသင်ကျောင်းကို ဦးဆောင်သူများနှင့် သင်တန်းဆရာများဘက်မှ ထိရောက်ကောင်းမွန်စွာ ညှိနှိုင်းကွပ်ကဲ ပေးရန်မှာ မဖြစ်မနေလိုအပ်သလို သင့်တင့်လျောက်ပတ်သည့် အားပေးထောက်ပံ့မှုများ (မိမိကိုယ်ကိုကျေနပ် နှစ်သိမ့်မှု ဖြစ်စေ၊ ပြင်ပ အသိအမှတ်ပြုမှု ဖြစ်စေ) ပေးရန် လိုအပ်သည်။ နိုင်ငံတကာမှ သာဓကများကို ကြည့် မည်ဆိုပါက ကျွမ်းကျင်သူများ ပူးပေါင်းဆောင်ရွက်မှု သဘောတရားကို စိန်ခေါ်မှု မြင့်မားသော အခြေအနေ များတွင် ကျင့်သုံးနိုင်သည်ကို တွေ့ရှိရပါသည်။ လုပ်ရည်ကိုင်ရည် ရှိသော ကြားခံလုပ်ငန်းဆောင်ရွက် သူများ၏ ဖေးမကူညီမှုဖြင့် ကျောင်းဆရာများ၏ လုပ်ငန်းဆောင်တာပိုင်းတွင် အဓိပ္ပါယ်ရှိသော တိုးတက်မှုများ ပေါ်ပေါက်လာနိုင်ပါသည်။

ထိုင်းနိုင်ငံရှိ ကရင်နီ TPD စနစ်တွင် စာသင်နှစ်အတွင်း အနီးကပ် လမ်းညွှန် လေ့ကျင့်သင်ကြားရေး အစီအစဉ်ကို အခြေတည်၍ ကျွမ်းကျင်သူများ ပူးပေါင်းဆောင်ရွက်မှု ဖြစ်ပေါ်စေရန် ခိုင်မာသည့် အုတ်မြစ် များ ရှိနှင့်ပြီး ဖြစ်သည်။ အဆိုပါ အုတ်မြစ်များအား ပိုမိုခိုင်မာစေရေးအတွက် စုဖွဲ့မှု အခြေပြု ပုံစံ (cluster based model) ကို မိတ်ဆက်အသုံးပြုပြီး စာသင်ကျောင်းများအကြား ပူးပေါင်းဆောင်ရွက်နိုင်ရန် ကူညီ ပံ့ပိုးပေးနိုင်ပါသည်။ အလားတူပင် KnED သင်တန်းဆရာများနှင့် ကျောင်းဦးဆောင်သူများအား အကူအညီ အထောက်အပံ့ဖြစ်စေမည့် CoP များ သို့မဟုတ် PLC များ တရားဝင်ဖွဲ့စည်းခြင်းဖြင့်လည်း ဆောင်ရွက်နိုင် ပါသည်။

အလှူရှင် အဖွဲ့အစည်းများဘက်မှ ရင်းနှီးမြှုပ်နှံမည်ဆိုပါက သင်တန်းဆရာများ၏ စွမ်းရည်မြင့်မားရေး၊ ပုံမှန် စုဝေးတွေ့ဆုံနိုင်စေရေးနှင့် သင်တန်း အကြောင်းအရာသစ်များ မိတ်ဆက်သင်ကြားရေးတို့ကို ဦးစားပေး ဆောင်ရွက်သင့်သည်။ အရင်းမြစ်ရှားပါးမှုကြောင့် ပမာဏကြီးမားသည့် TPD လုပ်ငန်းစဉ်များ မပြုလုပ်နိုင် သေးသည့်တိုင် ကျွမ်းကျင်သူများ ပူးပေါင်းဆောင်ရွက်မှု သဘောတရားကို အသုံးပြု၍ ဒေသန္တရအခြေပြု နည်းလမ်းများကို ဆောင်ရွက်သွားမည်ဆိုပါက လုပ်ကိုင်ရလွယ်ကူပြီး တုံ့ပြန်မှုရှိသည့်အပြင် စရိတ်စက ထိ ရောက်မှုရှိပြီး အကျိုးသက်ရောက်မှု မြင့်မားသော ရွေးချယ်စရာ နည်းလမ်းများ ပေါ်ထွက်လာနိုင်ပါသည်။ ဆရာအရည်အချင်းသတ်မှတ်ချက်မူဘောင်ကို အခြေပြု၍ ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်သွားမည်ဆိုပါက ဒေသန္တရအခြေပြု တုံ့ပြန်ဆောင်ရွက်ရေး ဟူသော လိုအပ်ချက် နှင့်၊ မတူညီသော စာသင်ကျောင်းများရှိ ဆရာများ၏ ကျွမ်းကျင်မှုနှင့် လုပ်ငန်းဆောင်ရွက်ပုံ ပို၍ သဟဇာတဖြစ်စေရေး ဟူသော လိုလားချက်တို့ကြား တွင် ထိန်းညှိ ဆောင်ရွက်သွားနိုင်ပါသည်။

မြန်မာနိုင်ငံအတွင်း၌မူ STF ၏ သင်တန်းပြုလုပ်ပေးနိုင်စွမ်းမှာ ပုံမှန်မရှိဘဲ ဗဟိုချုပ်ကိုင်မှုလည်း ရှိနေ သည့်အတွက် ကျွမ်းကျင်သူများ ပေါင်းပူးဆောင်ရွက်မှုကို တည်ဆောက်ခြင်းဖြင့် TPD လုပ်ငန်းကို ဒေသန္တရ အခြေပြုဖြစ်အောင် ပို၍ လုပ်ဆောင်နိုင်မည်ဖြစ်ပါသည်။ STF သင်တန်းဆရာများ၊ ကျောင်းအုပ်များ၊ သို့မဟုတ် အခြား စွမ်းဆောင်ရည်မြင့်မားသော ပညာရေးသမားများ ဦးဆောင်သည့် ကျောင်းအခြေပြု သို့မဟုတ် ကျောင်းများစုဖွဲ့မှု အခြေပြု CoP များ နှင့် PLC များအားဖြင့် သမရိုးကျ သင်တန်းကြားကာလ အတွင်းတွင် TPD လုပ်ငန်းစဉ်ကို ချဲ့ထွင်ဆောင်ရွက်နိုင်ပါသည်။ ဤသို့ဆောင်ရွက်နိုင်ဖို့ရာအတွက် သင်တန်း ဆရာများ၏ အခန်းကဏ္ဍကို ပြန်လည် ချိန်ညှိခြင်း၊ ၎င်းတို့၏ သင်တန်းပို့ချမှု စွမ်းရည်ကို မြှင့်တင်ခြင်းနှင့် ရွှေ့ပြောင်းသွားလာရေးနှင့် ညှိနှိုင်းပံ့ပိုးရေးတို့ ပြုလုပ်နိုင်ရန်အတွက် လုံလောက်သော အရင်းမြစ်များ ပေးအပ်ရေးတို့ လိုအပ်လာမည် ဖြစ်သည်။ ထို့အပြင် လက်တွေ့ဖြစ်နိုင်သည့် လုပ်ငန်းဆောင်ရွက်မှုပုံစံများ ပူးပေါင်းပုံဖော်ရန်နှင့် အဆိုပါ ဆောင်ရွက်ချက်များအား လက်ရှိ မြေပြင်အဖွဲ့အစည်း၊ စွမ်းဆောင်ရည်တို့နှင့် ကိုက်ညီစေရန် STF နှင့် တိုင်ပင်ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်သွားသင့်သည်။






## ကရင်နီ TPD ကို ပံ့ပိုးကူညီခြင်း - ဒေသအလိုက် ခေါင်းဆောင်မှု စနစ် (Endogenous Systems Leadership)

ဒေသအလိုက်ခေါင်းဆောင်မှုစနစ်ဟူသည် မြေပြင်ပကတိ အခြေအနေများတွင် အခြေခံပြီး၊ ဒေသန္တရ အဆင့် (ကျောင်းဆရာများ၊ ကျောင်းသားများ၊ မိဘများ)၊ ကြားနေလုပ်ငန်းဆောင်ရွက်မှု အဆင့် (သင်တန်းဆရာများ၊ ကျောင်းအုပ်များ၊ မြေပြင်အဖွဲ့များ) နှင့် ဗဟို အဆင့် (မူဝါဒချမှတ်သူများ၊ စနစ်၏ခေါင်းဆောင်များ) ဟူသည့် ပညာရေးစနစ်၏ အလွှာသုံးခုကြားတွင် မျှဝေထားသော စုပေါင်းထည့်ဝင်ခေါင်းဆောင်မှုကို အလေးပေးပါသည်။ အထူးသဖြင့် ပဋိပက္ခဒဏ်သင့်သည့် အခြေအနေမျိုးတွင် ဒေသန္တရနှင့် ကြားနေလုပ်ငန်းဆောင်ရွက်မှုအဆင့်ရှိ ဇာတ်ကောင်များမှ တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် တီထွင်ဖန်တီးမှုရှိခြင်းကို ဤချဉ်းကပ်ဆောင်ရွက်ပုံ နည်းလမ်းတွင် အသိအမှတ်ပြုထားသည်။ အကောင်အထည်ဖော်ရေး မဟာဗျူဟာများကို ၎င်းတို့မှ ပုံဖော်စေရန်နှင့် လိုက်ပါဆောင်ရွက်နိုင်စေရန် အတွက် စွမ်းရည်မြှင့်တင်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းနည်းလမ်းတွင် ဗဟို၏ လမ်းညွှန်ချက်ကို တင်းတင်းကြပ်ကြပ် လိုက်နာဆောင်ရွက်ရမည့်အစား စနစ်အတွေးအမြင် အားကောင်းစေရန် ပျိုးထောင်ပေးသည်။ ပျော့ပြောင်းမှု၊ ဗဟိုချုပ်ကိုင်မှုနည်းသော ဆုံးဖြတ်ချက် ပြုလုပ်ခြင်းကိုလည်း အားပေးကာ စမ်းသပ်လုပ်ကိုင်တတ်သော၊ အခြေအနေနှင့် လိုက်လျောညီထွေ ဆောင်ရွက်တတ်သော ဓလေ့ကို ရင့်သန်စေပါသည်။

ရှုပ်ထွေးပြီး လိုက်ပါပြောင်းလဲနိုင်စွမ်းရှိသည့် စနစ်များ (CAS) သည် သဘောသဘာဝအားဖြင့် သက်ဝင် လှုပ်ရှားပြီး တသမတ်တည်း ဖြစ်လေ့မရှိသည့်အတွက် ဤခေါင်းဆောင်မှုပုံစံနှင့် သင့်လျော်ပါသည်။ ဒေသအလိုက် ခေါင်းဆောင်မှုစနစ်တွင် အလွှာစုံ ပါဝင်ဆောင်ရွက်မှုကို အားပေးသည့် အတွက် ကြားနေလုပ်ငန်းဆောင်ရွက်မှုအား ချိတ်ဆက်သူ နှင့် အပြောင်းအလဲ မောင်းနှင်သူ နှစ်မျိုးလုံး အဖြစ် ဆောင်ရွက်ခွင့် ရစေပါသည်။ ဤနည်းဖြင့် ကြားနေလုပ်ငန်းဆောင်ရွက်သူသည် လိုအပ်ချက်များကို အထက်ပိုင်းသို့ ဆက်သွယ်သတင်းပို့ခြင်း၊ မူဝါဒများအား အောက်ပိုင်းတွင် အကောင်အထည်ဖော်ပေးခြင်း၊ ဒေသအလိုက် တုံ့ပြန်ဆောင်ရွက်မှုများကို ပံ့ပိုးကူညီပေးခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အထောက်အထား တွေ့ရှိချက်များအရ ကြားနေလုပ်ငန်းဆောင်ရွက်မှုအဆင့် ဇာတ်ကောင်များအား အရင်းမြစ်များပေး၍ ယုံကြည်စွာ လက်လွှဲပြီး လုံလောက်သည့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ပေးထားပါက ယင်းသို့သော ခေါင်းဆောင်မှုပုံစံများ အောင်မြင်လေ့ရှိသည်ကို တွေ့ရှိရပါသည်။ ကျွမ်းကျင်သူများ ပူးပေါင်းဆောင်ရွက်မှု အောင်မြင်ရန်အတွက်လည်း အလားတူ အခြေအနေများ လိုအပ်သည်ဖြစ်၍ ၎င်းချဉ်းကပ်ဆောင်ရွက်မှု ပုံစံနှစ်ရပ်လုံးမှာ တစ်ခုနှင့် တစ်ခု အပြန်အလှန်အားဖြည့်ပေးပါသည်။

ဖော်ပြပါ ကရင်နီ TPD စနစ်နှစ်ရပ်လုံးတွင် ကျောင်းအုပ်များ၊ သင်တန်းဆရာများနှင့် မြေပြင် အဖွဲ့များသည် ကြားနေလုပ်ငန်းဆောင်ရွက်မှုအဆင့်တွင် ပါဝင်လျက်ရှိပြီး ဒေတာကောက်ယူခြင်း၊ မူဝါဒအကောင်အထည်ဖော်ခြင်း၊ အနီးကပ်သင်တန်းပေးခြင်းနှင့် စာသင်ကျောင်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အဓိက နေရာမှ ဆောင်ရွက်လျက်ရှိကြသည်။ KnED နှင့် STF တို့မှ ကျောင်းဆရာများ၏ အသံများကို ကြားသိလိုသည်၊ ဒေသအလိုက်ဆုံးဖြတ်ခွင့်များ ပြုလုပ်စေလိုသည်ဟု အတိအလင်း ပြောကြားသည့်တိုင် စနစ် ဖွဲ့စည်းပုံနှင့် ယဉ်ကျေးမှု အတားအဆီးများက ယင်းသို့ဖြစ်မလာအောင် တားဆီးလျက်ရှိသည်။ ဗဟိုအဆင့် ခေါင်းဆောင်များသည် လျင်မြန်ထိရောက်သော သတင်းပို့ လမ်းကြောင်းများ တည်ဆောက်နိုင်ဖို့ရာအတွက် ကြိုးစားရုန်းကန်နေကာလတွင်၊ ကြားနေလုပ်ငန်းဆောင်ရွက်မှုအဆင့်နှင့် ဒေသန္တရအဆင့်မှ ဇာတ်ကောင်များသည် ကိုယ့်လက်ကိုယ့်ခြေ ဆောင်ရွက်ဖို့ရာ မိမိကိုယ်ကို ယုံကြည်မှု၊ လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းစဉ်များကို နားလည်ထားမှုများ ကင်းမဲ့နေလေ့ရှိသည်။ ကြားနေလုပ်ငန်းဆောင်မှုအဆင့်တွင် စွမ်းရည်မြှင့်တင်ခြင်းနှင့် စုပေါင်းဆုံးဖြတ်မှုများ တရားဝင်အောင် ပြုလုပ်ပေးခြင်းဖြင့် အဆိုပါ အတားအဆီးများကို ဖြေရှင်းကျော်လွှားမည်ဆိုပါက ပိုမိုတုံ့ပြန်ဆောင်ရွက်မှု အားကောင်းသော၊ ကြံ့ကြံ့ခံနိုင်စွမ်းရှိသော၊ မြေပြင်အခြေအနေနှင့် ကိုက်ညီသော TPD စနစ်များ ပေါ်ထွန်းလာနိုင်သည့်အလားအလာ ရှိပါသည်။

TPD စနစ်များ၏ ရှုပ်ထွေးပြီး လိုက်ပါပြောင်းလဲနိုင်သည့် သဘောသဘာဝနှင့် စနစ်ပုံဖော်သူများ တွင် တွေ့ရလေ့ရှိသည့် ဗဟိုချုပ်ကိုင်မှုဖြင့် ဆောင်ရွက်လိုစိတ်တို့ကြားတွင် အပြုသဘောဆောင်သည့် တင်းမာမှုတစ်ခု ရှိနေပါသည်။ စနစ်အတွင်း ဗဟိုချုပ်ကိုင်မှုပြုလုပ်ခြင်းဖြင့် ၎င်းစနစ်၏ တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းကို မြင့်မားစေနိုင်သော်လည်း ဒေသန္တရအဆင့်နှင့် ကြားနေအဆင့် လုပ်ငန်းဆောင်ရွက်သူများ အတွက်မူ ဆုံးဖြတ်ချက်ပြုလုပ်ခြင်း၊ အစပြုဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ တိုးပွားလာသည့် တာဝန်များကို လက်ခံယူနိုင်ဖို့ရာ လိုအပ်သည့် ကိုယ့်ကိုယ်ကို ယုံကြည်မှုနှင့် စွမ်းဆောင်ရည်များ ဖွံ့ဖြိုးလာတော့မည် မဟုတ်ပေ။ အလားတူပင် ဗဟိုအဆင့် ဇာတ်ကောင်များ အနေဖြင့်လည်း လုပ်ပိုင်ခွင့်ကို မည်သို့မည်ပုံ ထိရောက်စွာ လွှဲအပ်ပေးရမည်၊ မည်သည့် အတိုင်းအတာ၊ မည်သည့် လုပ်ထုံးလုပ်နည်းဖြင့် တာဝန်ခံစေရမည်ကို ကျနသေချာစွာ သိနိုင်တော့မည်မဟုတ်ပေ။

စနစ်တစ်ရပ်လုံး၏ အလွှာအသီးသီးတွင် စွမ်းဆောင်ရည်မြင့်မားရေး ပြုလုပ်ခြင်းအားဖြင့် ဒေသအလိုက် ခေါင်းဆောင်မှု စနစ်တွင် မဟာဗျူဟာကျနစွာ ရင်းနှီးမြှုပ်နှံပြီး ၎င်းတင်းမာမှုကို ပြေလျော့အောင် ပြုလုပ်နိုင်ပါသည်။ ဤသုတေသနတွင် TPD စနစ်များအတွင်းရှိ ဗဟိုချုပ်ကိုင်မှု လျှော့ချရေးနှင့် တည်ဆောက်ရေးတို့ကြား တင်းမာမှုနှင့် ချိန်ညှိမှုတို့ကို အပေါ်ယံမျှသာ မြင်တွေ့ရပါသေးသည်။ သို့ဖြစ်ပါ၍ အလိုလျောက်စီစဉ်လုပ်ဆောင်သော စနစ်တစ်ရပ်အတွက် ဗဟိုချုပ်ကိုင်မှု လျှော့ချရေး လုပ်ငန်းစဉ်အား စနစ်တစ်ခုလုံးစာအဆင့် ကြီးကြပ်မှု၊ ရည်မှန်းချက်တို့ဖြင့် မည်သို့ ကောင်းမွန်စွာ ချိန်ညှိနိုင်မည်ကို ဆက်လက်သုတေသနပြုရန် အကြံပြုလိုပါသည်။





# အဓိက အကြံပြုချက်များ

ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင်ရှိသော ကရင်နီ TPD စနစ်များသည် မတူညီသော အခြေအနေများ အောက်တွင် လည်ပတ်ဆောင်ရွက်နေကြရသော်လည်း၊ နာတာရှည် အကျပ်အတည်းနှင့် နေရပ်စွန့်ခွာရမှု များ၏ ပြင်းထန်သော စိန်ခေါ်မှုများအောက်တွင် ညီတူမျှတူ ရင်ဆိုင်နေကြရသည်။ အဆိုပါ စနစ်များအား အားပေးကူညီရာတွင် ၎င်းတို့၏ အလိုက်သင့် အလျားသင့် ဆောင်ရွက်တတ်သော သဘောသဘာဝနှင့် ကိုက်ညီမည့် ချဉ်းကပ်ဆောင်ရွက်နည်းများကို ရွေးချယ်ပေးရန် လိုအပ်ပါသည်။ ကျွမ်းကျင်သူများ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် ဒေသအလိုက် ခေါင်းဆောင်မှုစနစ်ဟူသည့် မဟာဗျူဟာ နှစ်ရပ်သည် ရှုပ်ထွေးပြီး လိုက်ပါပြောင်းလဲနိုင်စွမ်းရှိသည့် စနစ် (CAS) တစ်ရပ် သဖွယ်ဖြစ်သော TPD ကို အားကောင်းအောင် ပြုလုပ်ပေးရာ၌ အသင့်တော်ဆုံး ဖြစ်ပါသည်။

အဓိကအကြံပြုချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

- **ဆုံးဖြတ်ချက်ပြုလုပ်ရာတွင် ဒေသန္တရ ဒေတာ အချက်အလက်များကို အသုံးပြုခြင်း။**
  ကျောင်းဦးဆောင်သူများ၊ သင်တန်းဆရာများနှင့် မြေပြင်အဖွဲ့များအား ဗဟိုအဆင့် အတည်ပြုချက်ကို အလွန်အကျွံမမှီခိုစေဘဲ ကျောင်းအဆင့် ဒေတာများ (စာသင်ခန်းအလိုက် လေ့လာချက်နှင့် လိုအပ်ချက် အကဲဖြတ်မှုများ) ကို ကောက်ယူ၍ ၎င်းဒေတာများအတိုင်း လုပ်ငန်းအကောင်အထည်ဖော်ရန် အားပေးပါ။ အင်တာနက်နှင့် ဒစ်ဂျစ်တယ် စက်ပစ္စည်းများ (ဥပမာ tablet နှင့် cloud storage) အသုံးပြုခြင်းဖြင့် အချိန်နှင့်တပြေးညီဖြစ်ပြီး အသုံးဝင်မည့် သတင်းအချက်အလက် စီးဆင်းမှုကို ဖန်တီးနိုင်ပါသည်။

- **လုပ်ဖော်ကိုင်ဖက်အချင်းချင်း ဦးဆောင်သော** TPD **ပုံစံသစ်များကို စမ်းသပ်ကြည့်ခြင်း။**
  တူညီသောပညာရပ်များကို အတူတကွသင်ယူလေ့လာသည့် အစုအဖွဲ့ (CoP) နှင့် ကျောင်းသားများ၏ သင်ယူမှုကို စုပေါင်းမြှင့်တင်ဆောင်ရွက်နေသည့် အစုအဖွဲ့များ (PLCs) ဖွဲ့စည်းဆောင်ရွက်ခြင်းကို မိတ်ဆက်အားပေးသင့်သည်။ ကျောင်းများစုဖွဲ့သည့်ပုံစံဖြင့် ဆောင်ရွက်ပါက အကောင်းဆုံးဖြစ်သည်။ ယင်းပုံစံများအား ပံ့ပိုးကူညီရေး နည်းလမ်း ကိရိယာများ (ဥပမာ - အနီးကပ်သင်ကြားရေး လမ်းညွှန်များ၊ လက်တွေ့ အစီအမံများ) ဖြည့်ဆည်းပေးသင့်သည်။  လုံလောက်သော အချိန်၊ ပစ္စည်းနှင့် ငွေကြေးအရင်းမြစ်များပါ ချထားပေးသင့်သည်။ ပံ့ပိုးကူညီရေးသမားများအတွက်လည်း အသိအမှတ်ပြုပေးခြင်း၊ လုပ်ရည်ကိုင်ရည်အလိုက် အကျိုးခံစားခွင့်ပေးခြင်းတို့ ပြုလုပ်ပေးခြင်းဖြင့် အားပေးထောက်ပံ့မှုများ ဖန်တီးပေးထားသင့်သည်။

- **ကြားနေလုပ်ငန်းဆောင်ရွက်မှုအဆင့်၏ စွမ်းရည်မြှင့်တင်ရေးအတွက် ရင်းနှီးထည့်ဝင်မှုပြုပါ။** သင်တန်းဆရာများ၊ ကျောင်းအုပ်များနှင့် မြေပြင်အဖွဲ့များ၏ လုပ်ငန်းကျွမ်းကျင်မှု တိုးတက်စေရေးကို အလေးပေး၍ အထူး ဆရာဖြစ်သင်တန်း အစီအစဉ်များ ပို့ချပေးပါ။ အနီးကပ်နှင့် ကွံ့ကူလက်လှည့် လေ့ကျင့်သင်ကြားရေး နည်းလမ်းများကို အထူးအလေးပေးပြီး၊ ကရင်နီပြည်နယ် အခြေအနေနှင့် အကျွမ်းတဝင်ရှိသည့် ပညာရှင်များဦးဆောင်သော လက်တွေ့ လေ့ကျင့်ခန်းများလည်း ထည့်သွင်းပေးသင့်ပါသည်။ ၎င်းတို့၏ ဒေတာကောက်ယူရေးနှင့် အသုံးပြုရေးပိုင်း စွမ်းရည် တိုးတက်ရေးကိုလည်း တပါတည်း စဉ်းစားသင့်ပါသည်။

- **ဘုံမျှော်မှန်းချက် တည်ဆောက်ရေးအတွက် ဗဟိုအဆင့် မူဝါဒများကို အသုံးပြုခြင်း။** TPD အတွက် ရှင်းလင်းပြတ်သားသော မျှော်မှန်းချက်တစ်ရပ်ကို ပီပြင်စွာဖော်ညွှန်းနိုင်ရန် အတွက် မူဝါဒများနှင့် မူဘောင်များ (ဥပမာ ဆရာအရည်အချင်းသတ်မှတ်ချက် မူဘောင်များ၊ သင်ရိုး စံသတ်မှတ်ချက်များ) ကို ရေးဆွဲ အကောင်အထည်ဖော်ပါ။ ဗဟိုချုပ်ကိုင်မှုနည်းသော လုပ်ငန်းဆောင်တာများအတွက် ၎င်းတို့မှာ ကျောက်ဆူးသဖွယ် ထိန်းကျောင်းပေးနိုင်မည်ဖြစ်ပြီး တချိန်တည်းမှာပင် ဒေသအလိုက် ချိန်ညှိဆောင်ရွက်ခွင့်ရစေမည်ဖြစ်သည်။

- **စီမံကိန်း တသမတ်တည်းရေးဆွဲသည့် နည်းလမ်းများကို အပြည့်အဝ မှီခိုခြင်းအား ရှောင်ရှားခြင်း။** ရှုပ်ထွေးပြီး လိုက်ပါပြောင်းလဲနိုင်စွမ်းရှိသည့် စနစ်များ (CAS) အတွင်း TPD ပုံစံရေးဆွဲခြင်း၊ စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းတို့ ပြုလုပ်ရာတွင် ရလဒ် ကြိုတင်တွက်ဆခြင်း၊ ပြုလွယ်ပြင်လွယ်ရှိသော ပြောင်းလဲမှု သီအိုရီများ (Theory of Change)၊ စနစ်နှင့် ရှုပ်ထွေးမှုကို အခြေခံသော ချဉ်းကပ်နည်းများ အစရှိသည့် နည်းလမ်းများကို ရွေးချယ် အသုံးပြုသင့်သည်။

- **ပညာရေးကိုကူညီပံ့ပိုးပေးနေသော ဇာတ်ကောင်များကြားရှိ မဟာဗျူဟာများနှင့် အရင်းမြစ်မျိုးစုံကို သဟဇာတဖြစ်အောင် ညှိနှိုင်းခြင်း။** အလှူရှင် အဖွဲ့အစည်းများနှင့် ဖွံ့ဖြိုးရေး ဖွံ့ဖြိုးရေး မိတ်ဖက်များ ပေါင်းစပ်ညှိနှိုင်း၍ စီမံကိန်းများ ထပ်ခြင်းပြုခြင်း မရှိစေရန် အတတ်နိုင်ဆုံး လျှော့ချခြင်း၊ လစ်လပ်နေသည်များကို ဖြည့်ဆည်းပေးခြင်း၊ အပြန်အလှန်လေ့လာသင်ယူမှုကို အားပေးခြင်း၊ အချင်းချင်း သဟဇာတဖြစ်စေခြင်းတို့အတွက် ဆောင်ရွက်ပေးရင်း အရင်းမြစ်များ စုဝေးပေးသင့်ပါသည်။ မြန်မာနိုင်ငံရှိ STF အနေဖြင့် ကရင်နီပြည်နယ်အတွင်းရှိ အခြားသော ပညာရေးဝန်ဆောင်မှု ပေးနေသည့် အဖွဲ့အစည်းများနှင့် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု ပြုလုပ်နိုင်စရာ အခွင့်အလမ်းများ ရှာဖွေသင့်ပါသည်။ သို့မှသာ စုပေါင်း အကျိုးသက်ရောက်မှုကို အစွမ်းကုန် မြှင့်တင်နိုင်မည်ဖြစ်ပြီး ဇာတ်ကောင်တစ်ဦးချင်းစီ၏ နှိုင်းယှဉ်အကျိုးကျေးဇူး (comparative advantage) ကိုပါ ဆထက်ထမ်းပိုး တိုးပွားစေမည်ဖြစ်သည်။











ကျွန်ုပ်တို့ ဆရာဖြစ်သင်တန်းများ ပို့ချပေးတဲ့အခါမှာ၊ ကျောင်းမတက်နိုင်တဲ့ ကလေးတွေ အခုဆိုရင် ကျောင်းတက်နိုင်လာပါတယ်။ စာသင်တဲ့အလုပ်ကို စိတ်မပါတဲ့ ဆရာတွေလည်း စာသင်ချင်စိတ် ဖြစ်လာတယ်... [မိဘတွေကလည်း] ပညာရေးကို စိတ်ဝင်စားလာကြတယ်။ သူတို့က ကျွန်တော်တို့ကို ပိုပြီး အားပေးကြတယ်၊ ပိုပြီး ပူးပေါင်းဆောင်ရွက်ကြတယ်။